# ကြားကာလရန်ကုန်တက္ကသိုလ်တက္ကသိုလ်ကောင်စီ

## Interim University Council - University of Yangon

အီးမေးလ်: uy.interimcouncil@gmail.com၊ Facebook: https://www.facebook.com/uyinterimcouncil၊ လိပ်စာ: ရန်ကုန်တက္ကသိုလ်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

**အမိန့်အမှတ် (၁/၂၀၂၁)**
**၁၃၈၃ ခုနှစ်၊ တော်သလင်းလဆန်း (၉) ရက်**
**(၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ (၁၄) ရက်)**

၁။ ရန်ကုန်တက္ကသိုလ် ဆရာထု နှင့် ကျောင်းသားထုကို ကိုယ်စားပြုသည့် ရန်ကုန်တက္ကသိုလ်ဆရာ၊ဆရာမများသမဂ္ဂ နှင့် ရန်ကုန်တက္ကသိုလ်ကျောင်းသားများသမဂ္ဂတို့က ၂၀၂၁ ခုနှစ်၊ ဧပြီလ (၂၁) ရက်နေ့တွင် ပူးတွဲထုတ်ပြန်ထားသော ကြားကာလရန်ကုန်တက္ကသိုလ်ကောင်စီ ဖွဲ့စည်းကြောင်းကြေညာချက်ပါ တက္ကသိုလ်၏ အခြေခံမူများ၊ ပုဒ်မ (၆) တွင် "တက္ကသိုလ်စီမံအုပ်ချုပ်မှုယန္တရား၏ အကြီးအကဲအဖွဲ့အစည်းများသည် ကျောင်းသားထု နှင့် ဆရာထုတို့၏ ထောက်ခံမှုများထံမှသာ ဆင်းသက်ရမည်" ဟု ပါရှိသည်။

၂။ သို့ရာတွင် အောက်ဖော်ပြပါပုဂ္ဂိုလ်များသည် ကျောင်းသားထုနှင့် ဆရာထု၏ ထောက်ခံမှုမပါဘဲ တရားမဝင်အာဏာသိမ်းစစ်ကောင်စီ၏ ခန့်အပ်မှုဖြင့် ရန်ကုန်တက္ကသိုလ်၏ စီမံအုပ်ချုပ်ရေးဌာနများတွင် ရာထူးများရယူထားသည်ကို တွေ့ရှိရသည်။ ဤသို့ တရားမဝင်အာဏာသိမ်းစစ်ကောင်စီ၏ ရာထူးခန့်အပ်မှုများသည် ကျောင်းသားထုနှင့် ဆရာထု၏ ထောက်ခံမှုမပါသဖြင့် တရားမဝင်ပေ။

၃။ ထို့ကြောင့် အောက်ဖော်ပြပါပုဂ္ဂိုလ်များသည် ယှဉ်တွဲပါ ရာထူး၊ဌာနများနှင့် လုံးဝ သက်ဆိုင်မှုမရှိကြောင်း ကြားကာလရန်ကုန်တက္ကသိုလ်ကောင်စီက ဆုံးဖြတ်လိုက်သည်။

၄။ ထို့အပြင် ၎င်းတို့သည် အာဏာသိမ်းစစ်ကောင်စီ၏ လက်အောက်တွင် တာဝန်ထမ်းဆောင်ကာ ကျောင်းသားထု၊ ဆရာထု နှင့် ပြည်သူလူထုအပေါ် အမျိုးမျိုးသောဖိနှိပ်မှုများကို ကျူးလွန်လျက်ရှိသဖြင့် ၎င်းတို့ကို ရန်ကုန်တက္ကသိုလ်၏ မော်ကွန်းမှတ်တမ်းမှ ပယ်ဖျက်ကာ အမည်ပျက်စာရင်း သွတ်သွင်းလိုက်သည်။

(ပုံ)
ကြားကာလတက္ကသိုလ်ကောင်စီ
ရန်ကုန်တက္ကသိုလ်

တရားမဝင် ရယူထားသော ရာထူးများရုတ်သိမ်းခြင်း၊ မော်ကွန်းမှတ်တမ်းမှထုတ်ပယ်ခြင်း နှင့်
အမည်ပျက်စာရင်းသွတ်သွင်းခြင်းခံရသည့် ဝန်ထမ်းများ

| စဥ် | အမည် | ရာထူး | ဌာန |
|---|---|---|---|
| ၁ | ဒေါက်တာတင်မောင်ထွန်း | ပါမောက္ခချုပ် | ရန်ကုန်တက္ကသိုလ် |
| ၂ | ဒေါက်တာခင်ချစ်ချစ် | ဒုတိယပါမောက္ခချုပ် | စီမံရေးရာ၊ ရန်ကုန်တက္ကသိုလ် |
| ၃ | ဒေါက်တာသီတာအေး | ဒုတိယပါမောက္ခချုပ် | သင်တန်းရေးရာ၊ ရန်ကုန်တက္ကသိုလ် |
| ၄ | ဒေါက်တာချိုချို | ဒုတိယပါမောက္ခချုပ် | လှိုင်နယ်မြေ၊ ရန်ကုန်တက္ကသိုလ် |
| ၅ | ဦးစိုးတင့် | ဌာနမှူး | ဝန်ထမ်းရေးရာဌာန၊ ရန်ကုန်တက္ကသိုလ် |
| ၆ | ဦးအေးဇော် | ဌာနမှူး | သင်တန်းရေးရာဌာန၊ ရန်ကုန်တက္ကသိုလ် |
| ၇ | ဒေါ်ဝင်းမော်နိုင် | ဌာနမှူး | ဘဏ္ဍာဌာန၊ ရန်ကုန်တက္ကသိုလ် |